# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 13, 2020 Volume 28, Number 8


**၁၃.၂.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၄/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၉/- ကျပ် |
| CBM Rate | = ၁၄၅၀.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၄၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၀.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၆.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၇၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၅၀.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၅၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ကျောက်မျက်ပြပွဲ ရက်ရွှေ့ဆိုင်းလိုက်၍ အခွန်ယူရိုသန်း ၅၀၀ ခန့်နစ်နာ



တရုတ်ဝယ်လက်မရှိသဖြင့် ကျောက်မျက်ပြပွဲကို ရက်ရွှေ့ဆိုင်းလိုက်ရခြင်းကြောင့် နိုင်ငံအတွက်အခွန်ငွေ ယူရိုသန်း ၅၀၀ ခန့်နစ်နာကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်မှသိရသည်။ နိုင်ငံခြားသားများကို ယူရိုငွေဖြင့် ရောင်းချသည့် ကျောက်မျက်ပြပွဲကို တစ်နှစ်လျှင် နှစ်ကြိမ် နေပြည်တော်၌ကျင်းပပြီး တစ်ကြိမ်လျှင် အခွန်အဖြစ် ယူရိုသန်း ၅၀၀ ခန့်ရရှိကြောင်း၊ မြန် မာ့ကျောက်မျက်ပြပွဲများတွင် အဓိကဝယ်ယူသူများမှာ တရုတ်ကုန်သည်များဖြစ်ပြီး လက်ရှိတွင် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကြောင့် ဝယ်လက်မရှိခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌ ဦးဇော်ဘိုခန့်ကပြောသည်။ "လက်ရှိမြန်မာ့ကျောက်မျက်ဈေးကွက် တော်တော်ကိုထိခိုက်တယ်"ဟု ၎င်းကပြောသည်။

ယူရိုငွေဖြင့် ရောင်းချမည့် ကျောက်မျက်ပြပွဲကို မတ် ၁၆ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၌ ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။ "ဇွန်လလောက်မှ ပြန်စမယ်လို့လျာထားတယ်။ ဈေးကွက်မှာ တရုတ်ဧည့်သည်တွေ မရှိတော့ဘူး။ အရောင်းအဝယ်တွေ ကျသွားတယ်။ တရုတ်ပြည်တွင်းကိုလည်း ကျွန်တော်လှမ်းမေးကြည့်တော့ ကျောက်ဈေးကွက်ရှိတဲ့နေရာတွေမှာ လူတစ်ယောက်မှ မရှိဘူးလို့သိရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ လက်ရှိ မန္တလေးကျောက်မျက်ဈေးကွက်တွင် ပြည်တွင်းကုန်သည်အချင်းချင်းသာ ရောင်းဝယ်နေရသဖြင့် အရောင်းအဝယ် ၂၅ ရာခိုင်နှုန်းခန့်သာ ရှိနေကြောင်း တရုတ်ဝယ်လက်ကိုသာ အဓိကထားရောင်းချနေရသည့်ဈေးကွက် ဖြစ်ခြင်းကြောင့် အထိနာနေကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းဝင်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135191.html

## မကွေးတိုင်းထွက် ကညွတ်နှင့် ရုံးပတီသီးကို ဂျပန်သို့ တင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်




မကွေးတိုင်းဒေသကြီးထွက် ကညွတ်နှင့်ရုံးပတီသီးကို ဂျပန်သို့တင်ပို့နိုင်ရန် ပြည်ပသို့တင်ပို့နေသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂ အကြံပေး ဦးအောင်ကျော်ကျော်ကပြောသည်။ ထိုသို့တင်ပို့နိုင်ရန် တိုင်းဒေသကြီးအတွင်း ရုံးပတီသီး ဧက ၆၀ စိုက်ပျိုးခြင်းနှင့် ကညွတ်ကို မကွေး၊ မင်းဘူး၊ ဆင်ပေါင်ဝဲ၊မြို့သစ်၊ ငဖဲ၊ ပေါက်၊ ကျောက်ထု၊ ဆော၊ ဂန့်ဂေါစသည့်မြို့နယ်များတွင်စိုက်ပျိုးပြီး ဂျပန်သို့ရောင်းချနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ "ငရုတ်၊ ရုံးပတီ၊ ကညွတ်တို့လို သီးနှံတွေကို ပြည်ပကို တင်ပို့နေကြတာရှိတယ်။ တောင်သူတွေအတွက် ခိုင်မာတဲ့ ဈေးကွက်ရရှိဖို့ချိတ်ဆက်ကူညီမှာဖြစ်တယ်" ဟုၚင်းကပြောသည်။ မြန်မာနိုင်ငံက ကညွတ်ကို ဂျပန်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများက ဝယ်ယူရန် ၂၀၁၆ ခုနှစ်ကစတင်၍ ကမ်းလှမ်းခဲ့ကြသည်။ ကညွတ်စိုက်တောင်သူများနှင့် ကုမ္ပဏီအချို့ ပူးပေါင်းကာ ဂျပန်နိုင်ငံသို့ စမ်းသပ်ရောင်းချခဲ့ကြောင်းသိရသည်။



ယခုအခါတွင် မြန်မာနိုင်ငံ၌ ကညွတ်စိုက်ပျိုးခြင်းကို တွင်ကျယ်စွာ စိုက်ပျိုးလာကြကြောင်း၊ စားသုံးသူများကလည်း ကညွတ်ကို ကျန်းမာရေးအရ စားသုံးလာကြသဖြင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်များရှိလာပြီး ပြည်ပနိုင်ငံများသို့လည်း ရေရှည်တင်ပို့နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ မင်းဘူးမြို့နယ်၊ ရေမြက်ကျေးရွာတွင် ကညွတ်ကို ၂၀၁၄ ခုနှစ် နောက်ပိုင်းကစ၍ စိုက်ပျိုးလာခဲ့ကြောင်း၊ လက်ရှိ ဈေးကွက်၌ ကညွတ်တစ်ပိဿာ ကျပ် ၄၅၀၀ မှ ၅၀၀၀ ဈေးပေါက်နေကြောင်း၊ တစ်ဧကခွဲစိုက်ပျိုးလျှင် တစ်ပတ်လျှင်တစ်ကြိမ် ခူးနုတ်ပါက ၁၀ ပိဿာကျော်ထွက်ကြောင်း၊ ထို့ကြောင့် တစ်နှစ်ပတ်လုံး ဝင်ငွေကျပ် ရှစ်သိန်းမှ ၁၀ သိန်းကြားရရှိကြောင်း ရေမြက်ကျေးရွာနေ ကညွတ်စိုက်ပျိုးသူ ဦးဝင်းသောင်းက ပြောသည်။ "ကညွတ်က စစိုက်ပြီး ခြောက်လလောက်ကြာရင် ကညွတ်အစို့တွေ နုတ်ပြီး ရောင်းလို့ရတယ်။ စိုက်ပျိုးခဲ့သမျှတွေ ထဲမှာတော့ အကျိုးအမြတ်အများဆုံးသီးနှံပဲ။ အခုနှစ်မှာ ငါးဧကအထိ တိုးချဲ့စိုက်ထားတယ်"ဟု ၎င်းက ပြောသည်။ ကညွတ်စိုက်ပျိုးမည်ဆိုလျှင် ကညွတ်မျိုးစေ့မှ ပျိုးထောင်ပါက တစ်နှစ်ခန့် ပျိုးထောင်ရကြောင်းသိရသည်။ အစေ့မှအပင်ပေါက်ရန် နှစ်ပတ်မှခြောက်ပတ်အထိကြာတတ်သဖြင့် အပူချိန် ၃၀ဒီဂရီ စင်တီဂရိတ်ရှိသော ရေတွင် လေးမိနစ်ခန့်စိမ်ပြီး စိုက်ခြင်းဖြင့် ငါးရက်အတွင်းအပင်ပေါက်ကြောင်းသိရသည်။ ကညွတ်သည် တောင်ပေါ်ဒေသနှင့် အေးသောအရပ်ဒေသများတွင် ပိုမိုဖြစ်ထွန်းအောင်မြင်လွယ်ကြောင်း သိရသည်။ မြန်မာကညွတ်ကို မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ မြို့သာနှင့် မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူနှင့် မင်းဘူးမြို့နယ်အတွင်းစိုက်ပျိုးကြသည်။ ကညွတ်တစ်ပိဿာလျှင် ပြည်တွင်း၌ ကျပ် ၅၀၀၀ ဝန်းကျင်တွင်ရှိကာ လာအိုနိုင်ငံတွင် ကျပ် ၃၀၀၀၀ ဝန်းကျင်နှင့် ထိုင်းနိုင်ငံတွင် ကျပ် ၂၅၀၀၀ ကျော်အထိ ရောင်းချနေကြကြောင်း၊ ယခုအခါဂျပန်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်ပြီး ခိုင်ခိုင်မာမာဖြင့် ရေရှည်တင်ပို့ရောင်းချနိုင်ပါက အခြားသီးနှံများထက် တွက်ခြေကိုက်လာနိုင်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်** http://htwettoe.com/article-details/news/8773888

## မူဆယ် ၁၀၅ မိုင်ဂိတ် ကုန်စည်စီးဆင်းမှုကို ယခုလအတွင်းပြန်စနိုင်ရန် မျှော်လင့်

မူဆယ် ၁၀၅ မိုင်ဂိတ်ကုန်စည်စီးဆင်းမှုကို ယခုလအတွင်း ပြန်လည်စတင်နိုင်ရန်မျှော်လင့်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ "အခုဖေဖော်ဝါရီ ၂၃ ရက်လောက်မှာ တရုတ်နယ်စပ် မူဆယ် ၁၀၅ မိုင် ဂိတ်ကိုပြန်ဖွင့်

မယ်လို့ မြေပြင်သတင်းအရ ကျွန်တော်တို့သိထားပါတယ်။ ပထမတုန်းကတော့ သူတို့က ၁၁ ရက်နေ့လောက်မှာ ဖွင့်ဖို့ပါ။ ဒါပေမဲ့ အခြေအနေအရ အဲဒီလိုဖြစ်လာတယ်။ ကျွန်တော်တို့လည်း မြေပြင်မှာ ဆက်သွယ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မျှော်လင့်တာက ခရီးသည်သွားတာလာတာက ဆက်ပိတ်မယ်။

ကုန်စည်စီးဆင်းမှုကိုတော့ ပထမဦးစားပေးအနေနဲ့ ဒီလအတွင်းလောက်မှာ ပြန်စမယ်လို့မျှော်လင့်ထားတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာတိုင်းမ်သို့ပြောသည်။ တရုတ်နှစ်ကူးကြောင့် မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်အတွင်း အရောင်းအဝယ်ပိတ်ထားခဲ့ရာမှ ဖေဖော်ဝါရီ ၅ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်သေဆုံးမှုမှာ မြင့်တက်နေဆဲဖြစ်၍ ယနေ့အချိန်ထိ ပိတ်ထားဆဲဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၉၀ အထိ ကျဆင်းလျက်ရှိကြောင်းသိရသည်။ "ဒီနေ့ဆိုရင် ဒီဘက်ကကားတွေရပ်ထားတယ်။ အသုတ်လိုက်ပေးဝင်မယ်ဆိုတာမျိုး ဖြည်းဖြည်းချင်းသွားနေတယ်။ တရုတ်ပြည်တွင်းထဲမှာကိုက လမ်းကြောင်းတွေကဖြတ်ထားပြီး အကန့်အသတ်လုပ်ထားတာဆိုတော့ ကားတွေက ထပ်သွားလို့မရဘူး။ သူတို့လည်းအကြာကြီးထားလို့တော့ ဘယ်လွယ်မလဲ။ ကုန်သွယ်မှုက လုံးဝရပ်နေတာတော့မဟုတ်ဘူး။ ဂိတ်ကိုပိတ်တာတော့ မဟုတ်ဘူး။ တရုတ်ဘက်က ကုန်တွေကိုမယူနိုင်တာ။ ကုန်သွယ်မှုပမာဏ လျော့သွားတာပဲရှိတယ်"ဟု ၎င်းကဆက်လက်ပြောသည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ဖရဲ၊ သခွား အရောင်းအဝယ်ဈေးကွက် စဖွင့်သည့် ဇန်နဝါရီ ၂၇ ရက်၌ တရုတ်ဘက်မှ အဝယ်ရပ်ဆိုင်းမှုကြောင့် ကုန်သည်များရာနှုန်းပြည့်အရှုံးပေါ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/135242.html

## အိန္ဒိယတင်ပို့မည့် မြန်မာ့ပဲ ဈေးကောင်းမရ၊ ဗိုင်းရပ်စ်ကြောင့် တရုတ်သို့ ပဲတီစိမ်းတင်ပို့မှုရပ်

အိန္ဒိယသို့တင်ပို့သည့် မတ်ပဲနှင့် ပဲစင်းငုံတို့ ဈေးကောင်းမရသည့်အပြင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်သို့ပဲတီစိမ်းတင်ပို့မှုမှာလည်း ရပ်တန့်နေကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ "အိန္ဒိယပဲကုမ္ပဏီတွေ ဝယ်တာကတော့ ဝယ်တာပဲ။ ဝယ်ရင်းနဲ့ မြန်မာမှာ ပဲဈေးကျတာကလည်း ကျတာပဲ ဖြစ်နေတယ်။ သူတို့ဝယ်တဲ့အချိန်မှာ ဈေးနှုန်းမပေးတာ။ အိန္ဒိယအစိုးရက မြန်မာပဲဝယ်ဖို့အတွက် ကုမ္ပဏီတွေကိုချပေးလိုက်တော့ အိန္ဒိယမှာလည်း ပဲဈေးကျသွားတယ်"ဟု ၎င်းကပြောသည်။ ထို့ပြင် ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် တရုတ်သို့ပဲတီစိမ်းတင်ပို့မှု ရပ်တန့်ကာ ပဲတီစိမ်းဈေးလည်းကျဆင်းနေသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယသို့ မတ်ပဲတင်သွင်းခွင့်ကို တန်ချိန် လေးသိန်းသတ်မှတ်ထားကြောင်း၊ လက်ရှိတွင် တန်ချိန်တစ်သိန်းခွဲကိုတင်ပို့ထားပြီး ကျန်နေသည့် တန်ချိန်နှစ်သိန်းခွဲကို ဆက်လက်တင်ပို့သွားရန် ပြင်ဆင်နေကြောင်းသိရသည်။ "တန်ချိန်နှစ်သိန်းခွဲ ဝယ်ယူခွင့်မပေးခင်က မတ်ပဲ တစ်တန်ကိုကျပ် ၁၀ သိန်းခွဲလောက် ရှိတယ်။ လက်ရှိ မတ်ပဲတစ်တန်ကို ကျပ် ၉၆၀၄၀၀၀ ပဲရှိတယ်။ တစ်တန်ကို တစ်သိန်း လောက်ကျသွားတယ်။ ပြည်တွင်းတောင်သူတွေ အနေနဲ့အရှုံးမပေါ်ပေမယ့် ထွက်လာတဲ့အချိန်မှာ ဈေးကောင်းရအောင်တော့ တောင်သူကလည်းရောင်းတယ်။ ရောင်းလိုအား၊ ဝယ်လိုအားနှစ်ခုက အားပြိုင်တဲ့အခါမှာ ဝယ်တဲ့သူက ပါးပါးနပ်နပ်ဝယ်တဲ့အခါကျတော့ ဈေးကပိုပိုပြီးတော့ ကျလာတဲ့သဘော ဖြစ်လာတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ပြည်ပမှပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့သဖြင့် မြန်မာ့ပဲစိုက်တောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ရသည်။

**Source:** https://myanmar.mmtimes.com/news/135229.html

## ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် လပွတ္တာရှိ ဂဏန်းပို့ကုန်လုပ်ငန်းရပ်ဆိုင်းနေ

ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့မှ ဂဏန်း ပို့ကုန်လုပ်ငန်းများ အားလုံးနီးပါးရပ်ဆိုင်းနေကြောင်း သတင်းရရှိသည်။ “လပွတ္တာမြို့မှာ ဂဏန်းဒိုင် ၁၅၀ ကျော် ရှိပြီးတော့ လုပ်ငန်းမှာပါဝင်လုပ်ကိုင်နေတဲ့ ဂဏန်းဖမ်းသူ၊ သယ်ပို့သူနဲ့ ဂဏန်းဒိုင်လုပ်သား၊ ကုန်ကားလုပ်သားအပါအဝင်ဆိုရင် ဒီလုပ်ငန်း

အပေါ်မှာ မှီခိုနေသူ လူဦးရေ ၃ သောင်းကျော်လောက်ရှိတယ်။ ဒါတောင် အခြားမြို့တွေက လုပ်ငန်းတွေမပါသေးဘူး၊ အခုလို တရုတ်ကအဝယ်ရပ်သွားတဲ့အတွက် လပွတ္တာက ငါးဖမ်းလုပ်ငန်းတွေ၊ ဒီလုပ်ငန်းအပေါ် မှီခိုနေသူတွေ အကုန်အခက်အခဲတွေ ဖြစ်၊ အလုပ်လက်မဲ့တွေဖြစ်နေကြတယ်”ဟု လပွတ္တာမြို့မှ ငါးဖမ်းဒိုင်လုပ်ငန်းရှင် ဦးပြည်ဟိန်းကျော်က ဧရာဝတီကိုပြောသည်။ လက်ရှိတွင် တရုတ်ပြည်မှဝယ်ယူခြင်းမရှိသည့်အတွက် လပွတ္တာငါးဖမ်း ဈေးနှုန်းများ အလွန်အမင်းကျဆင်းသွားခဲ့သည်။

ယခင်က ၁ ပိသာလျှင် ၁၅၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းရှိသည့် ငါးဖမ်းများမှာ လက်ရှိတွင် ၅၀၀၀ ကျပ်ဈေးအထိ ကျဆင်းသွားခဲ့ပြီး ရန်ကုန်မြို့ရှိ စားသောက်ဆိုင်များကိုသာ အဓိက တင်ပို့ရောင်းချနေရကြောင်းသိရသည်။ “အရင်တုန်းက လပွတ္တာကနေ ၁ ရက်ကို ငါးဖမ်းခြင်း ၅၀၀ လောက် ရန်ကုန်ကိုပို့ရတယ်။ အခုတရက်ကို ခြင်း ၅၀ တောင် မပို့ရတော့ဘူး။ ဈေးတွေလည်း ၁ သောင်းလောက်ကျသွားတယ်။ ဈေးကျလည်း ရတဲ့ဈေးနဲ့ ရောင်းနေကြရတာပါပဲ။ ဒီအတိုင်း ရက်ကြာမယ် ဆိုရင်တော့ လပွတ္တာငါးဖမ်းလုပ်ငန်းတွေ အကုန်ပြိုလဲသွားလိမ့်မယ်”ဟု ငါးဖမ်းဒိုင်လုပ်ငန်းရှင် ဦးပြည်ဟိန်းကျော်က ပြောသည်။ ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါ ကိုရိုနာဗိုင်းရပ်စ်မှာ တရုတ်နိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့၌ ဇန်နဝါရီလ အတွင်း ဖြစ်ပွားမှု ပိုမိုကျယ်ပြန့်လာသည့်အတွက် ဇန်နဝါရီ ၂၄၊ ၂၅နှင့် ၂၆ ရက်နေ့တို့တွင် နှစ်နိုင်ငံ အုပ်ချုပ်ရေး တာဝန်ရှိသူများက တရုတ် – မြန်မာ နယ်စပ်ကုန်သွယ်ရေး ဂိတ်များကို ယာယီပိတ်ခဲ့ကြသည်။ နယ်စပ်ဂိတ်များ ယာယီပိတ် ခဲ့ပြီးနောက် ပြန်ဖွင့်ချိန်တွင်လည်း တရုတ်ပြည်မှ ဝယ်ယူမှုမရှိတော့သည့်အတွက် တရုတ်ပြည်ဈေးကွက်ကို အဓိက မှီခိုရောင်းချ နေရသည့် လပွတ္တာမြို့မှ ငါးဖမ်းဒိုင်အားလုံးနီးပါး လုပ်ငန်းရပ်ဆိုင်းသွားခဲ့ပြီး ယင်းလုပ်ငန်းအပေါ်မှီခိုနေကြသည့် လူပေါင်း သောင်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ကာ စီးပွားရေးထိခိုက်မှုများ ကြုံတွေ့နေကြကြောင်းသိရသည်။

လပွတ္တာမြို့တွင် ရန်ကုန်မှတဆင့် တရုတ်ပြည်သို့ တင်ပို့သည့် ငါးဖမ်းဒိုင်ပေါင်း ၁၅၀ ကျော်ရှိပြီး လက်ရှိတွင် ငါးဖမ်း ဈေးကွက်ပျက်နေသည့်အတွက် ငါးဖမ်းဒိုင်ပေါင်း ၁၄၀ ခန့် လုပ်ငန်းရပ်နားကာ ပိတ်သိမ်းထားကြောင်းသိရသည်။ “ငါးဖမ်းဒိုင်တွေရှိတဲ့ ကမ်းနားဘက်ခြမ်းက အခုဆို ခြောက်ကပ်နေတာပဲ။ ပိတ်တဲ့ဒိုင်တွေကပိတ်၊ ဖွင့်တဲ့လူကလည်း အရောင်းအဝယ် အနည်းအကျဉ်းပဲရှိတယ်။ အခုလိုအခြေအနေမှာ ငါးဖမ်းဒိုင်တွေမှာအလုပ်လုပ်တဲ့ အခြေခံအလုပ် သမား တွေရယ်၊ ငါးဖမ်းထောင်တဲ့သူတွေ၊ ဒီလုပ်ငန်းအပေါ်မှီခိုနေရတဲ့ အခြေခံလုပ်သားတွေ အဓိကထိခိုက်ကုန်တယ်။ စားဝတ် နေရေးတွေ ခက်ခဲကုန်ကြတာပေါ့”ဟု လပွတ္တာမြို့ခံ ဦးစိုးသီဟမင်းကပြောသည်။

မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းရှင်များအသင်း နာယက ဦးမြတ်ဦးကလည်း “အခုက တရုတ်က အဝယ်မရှိတော့ တင်လို့မရ တော့ဘူး။ ရန်ကုန်မှာဘဲ တချို့လည်း ဈေးတွေမှာချရောင်းနေကြတယ်။ ငါးဖမ်းအလုပ်သမားတွေလည်း တော်တော်ကို စိတ်ညစ်နေကြပြီ။ ပြည်တွင်းဈေးကွက်မှာဘဲ ရောင်းနေရတာက တန်ရာတန်ကြေး မရသေးဘူး”ဟု ဧရာဝတီသို့ ပြောသည်။ တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ပြည်သို့တင်ပို့သည့် ငါးဖမ်းလုပ်ငန်းသာမက ရေထွက် ပို့ကုန်များ၊ ဖရဲ၊ သခွား၊ သစ်သီးဝလံများပါ ဆိုးရွားစွာထိခိုက်မှုများဖြစ်ပေါ်နေပြီး တရုတ် – မြန်မာ နယ်စပ်ကုန်သွယ်ရေး ပမာဏလည်း ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းနေကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနစာရင်းအရ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ယခင်က ၁ ရက်လျှင် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ကုန်သွယ်ရာမှ ယခုအခါတရက်လျှင် ဒေါ်လာ ၁ သန်း ဝန်းကျင်အထိ ကုန်သွယ်မှုပမာဏ ကျဆင်းနေကြောင်းသိရသည်။ တရုတ်နိုင်ငံ၊ ဟူဝေပြည်နယ်၊ ဝူဟန်မြို့တွင် စတင်ဖြစ်ပွား ခဲ့သည့် ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ကိုရိုနာဗိုင်းရပ်စ်မှာ ဖေဖော်ဝါရီ ၁၁ ရက်နေ့ စာရင်းအရ တရုတ်ပြည် တလွှားရှိ လူပေါင်း ၄၂၆၃၈ ဦးသို့ ကူးစက်ခဲ့ပြီး ယင်းရောဂါကြောင့် လူပေါင်း ၁၀၁၆ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ – WHO ၏ ထုတ်ပြန်ချက်အရ သိရသည်။

**Source:** https://burma.irrawaddy.com/news/2020/02/11/215303.html

## ဝန်ထမ်းပါမစ်ဆိုင်းငံ့ပြီးနောက် မော်တော်ယာဉ်ဈေးကွက် ပြန်ကောင်းလာဟုဆို

ဝန်ထမ်းပါမစ်ဆိုင်းငံ့ပြီးနောက် ကားဈေးကွက်ပြန်ကောင်းလာကြောင်း မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်နေ သူများကပြောသည်။ ဝန်ထမ်းများအတွက် အခွန်သက်သာခွင့်များစွာဖြင့် မော်တော်ယာဉ်တင်သွင်းခွင့် ပါမစ်ကြောင့်

တစ်ပတ်ရစ် ယာဉ်ဈေးကွက်နှင့် အရောင်းပြခန်းများ၌ ဇန်နဝါရီက အရောင်းအဝယ်တုံ့ဆိုင်းခဲ့သည်ဟုဆိုသည်။ "အခိက ကတော့ ပါမစ်ထွက်လာရင် ပါမစ်ကိုင်ပြီးဝယ်ရင် သက်သာမယ်ထင်တဲ့သူတွေကြောင့် ဈေးကွက်က တော်တော်ကိုအေးခဲ့တာ ပေ့ါ။ ဒီရက်ပိုင်း တွေဆို သိန်း ၄၀၀ အထက်ကားတွေ အရောင်းတက်လာတယ်။ ပြီးတော့ Mark II တို့၊ Kluger တို့လို ကားတွေလည်း ဈေးကွက်ထဲဝယ်သူရော ရောင်းတဲ့သူပါရှိလာတယ်" ဟု ယာဉ်အရောင်းအဝယ်ပြုလုပ်သူ ကိုစောဇင်ညီကပြော သည်။ အရစ်ကျဖြင့်ရောင်းချသောယာဉ်များ ပြန်အဝယ်လိုက်လာပြီး ကျပ်သိန်း ၂၀၀ မှ ၃၀၀ ခန့် ယာဉ်များ အရောင်းအဝယ် ပိုမိုဖြစ်လာကြောင်း လမင်းတစ်ရာမော်တော် ယာဉ်အရောင်းစင်တာပိုင်ရှင် ကိုဆွေထွန်းကဆိုသည်။ "Suzuki Ertiga ကားမျိုးနဲ့ Honda Fit Shuttle တွေ ပိုအရောင်းဖြစ်လာတယ်။ အခိကကတော့ ဝန်ထမ်းပါမစ်နဲ့သက်ဆိုင်တယ်" ဟု ၎င်းကပြောသည်။

ဝန်ထမ်းများကို ကားပါမစ်ပေးမည်ဟု ညွှန်ကြားချက်မတိုင်မီကာလ ကားဈေးကွက်ကိုမမီသေးသော်လည်း လတ်တလော တွင် အနည်းငယ်ဈေးကွက်ပြန်ကောင်းလာပြီး ကျပ်သိန်း ၃၀၀ ခန့်ယာဉ်များ အရောင်းအဝယ်ရှိလာကြောင်း မော်တော်ကား ရောင်းဝယ်ရေးအသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးဝင်းထွဋ်အောင်ကပြောသည်။ "ပါမစ်ပေးမယ်လို့ ကြေညာတဲ့အခါ ကျွန်တော်တို့ မော်တော်ယာဉ်အရောင်းစင်တာတွေက ကြိုမှာထားတဲ့ကားတွေဖျက်သိမ်းခဲ့ရတယ်။ အခုဆိုင်းငံ့လိုက်တော့ ပြန်ပြီးအရောင်းအဝယ်အနည်းငယ်ဖြစ်လာတယ်။ ကားဈေးလည်းပြန်မာလာတယ်" ဟု မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ် ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌဦးဇော်ထိုက်အေးကပြောသည်။ ညွှန်ချုပ်နှင့်အထက်အဆင့် နိုင်ငံ့ ဝန်ထမ်းများနှင့် လုပ်သက် ၂၅ နှစ်နှင့်အထက်ပြည့်သူ့ဝန်ထမ်းကောင်းဆုရရှိသူများကို ပြည်ပမှ ယာဉ်တင်သွင်းခွင့်ပြုမည်ဟု ဇန်နဝါရီ ၂ ရက်ကကြေညာပြီးနောက် အဆိုပါယာဉ်တင်သွင်းခွင့် ပါမစ်စနစ်ကိုဆိုင်းငံ့ကြောင်း သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ဇန်နဝါရီ ၃၀ ရက်တွင်ပြောသည်။

**Source:** https://7day.news/-178416

## ၂၀၁၉ -၂၀၂၀ ခုနှစ် ဆောင်းရာသီတွင် မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိမည့်မတ်ပဲများ အိန္ဒိယ၏ ကာလသတ်မှတ်ချက်နှင့်အညီ အိန္ဒိယနိုင်ငံရှိဆိပ်ကမ်းသို့အရောက် တင်ပို့နိုင်ရန်ခက်ခဲမှုအပေါ် အချိန်ကာလတိုးမြှင့်ပေးရေးစဉ်းစားပေးရန် မြန်မာဘက်ကမေတ္တာရပ်ခံထား



၂၀၁၉-၂၀၂၀ ခုနှစ် ဆောင်းရာသီတွင်စိုက်ပျိုးထားရှိပြီး မတ်လ လဆန်းပိုင်းခန့်၌ ထွက်ရှိမည့် မြန်မာနိုင်ငံမှ မတ်ပဲများအား အိန္ဒိယပြည်ပ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကာလသတ်မှတ်ချက်နှင့်အညီ အိန္ဒိယန ိုင်ငံရှိ ဆိပ်ကမ်းသို့ အရောက်တင်ပို့နိုင်ရန် ခက်ခဲမှုအပေါ် အချိန်တစ်ရပ် တိုးမြှင့်ပေးရေး စဉ်းစားဆောင်ရွက်ပေးပါရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းမှ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံအမတ်ကြီးထံသို့ မေတ္တာရပ်ခံစာပေးပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ထုတ်ပြန်ထားချက်အရသိရသည်။ ထို့ပြင် အဆိုပါစာမိတ္တူအား အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသို့လည်း မြန်မာသံရုံး၊ နယူးဒေလီမြို့မှတစ်ဆင့် ပေးပို့ထားကြောင်းသိရသည်။

မြန်မာသံရုံးမှ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ အာဆီယံဌာနခွဲသို့ အလွတ်သဘော ဆက်သွယ် မေးမြန်းဆွေးနွေးမှုများအရ အဆိုပါဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိသည့် မတ်ပဲများအား ကာလတိုးမြှင့် တင်သွင်းခွင့်ပြုနိုင်ရေး ၂၀၂၀ ပြည့်နှစ် မေလအထိ အချိန်တိုးမြှင့်ပေးရန် ဌာနအတွင်း၌ ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ အဆိုပါ ကိစ္စရပ်အား သတ္တမအကြိမ် မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး၏ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးမည့်အခြေအနေရှိကြောင်း အိန္ဒိယနိုင်ငံ၊ မြန်မာစီးပွားရေးသံမှူး၏ပေးပို့ချက်ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်း၊ ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်းနှင့် ပဲလုံးတန်ချိန် ၁ ဒသမ ၅ သိန်းတို့ကို ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံရှိဆိပ်ကမ်းများသို့ အရောက်ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် မတ် ၂၉ ရက် တွင် အမိန့်ကြော်ငြာစာအမှတ် No. S.O 1478 E ဖြင့် ထုတ်ပြန်ခဲ့သည်။ အဆိုပါဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်တွင် ပဲမျိုးစုံ တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများစာရင်းကို ထုတ်ပြန်ပေးခဲ့ပြီး ပဲတင်သွင်းရမည့်ကာလ သတ်မှတ်ချက်ကိုလည်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့အရောက် တင်သွင်းကြရမည်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်လိုက်သည်။ သို့ရာတွင် အဆိုပါ သတ်မှတ်ကာလအတွင်း လိုအပ်သောပဲတန်ချိန်ပြည့်မီအောင် တင်သွင်းနိုင်မှုမရှိသဖြင့် ကုန်သည်များ၏တောင်းဆိုမှုအရ အိန္ဒိယ အစိုးရသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကြေညာချက် ထပ်မံထုတ်ပြန်လျက် ပဲစင်းငုံတစ်မျိုးတည်းကိုသာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ တင်သွင်းခွင့်ပြုခဲ့သည်ဟုသိရသည်။

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတင်သွင်းခွင့်ခွဲ တမ်းသတ်မှတ်ချက်ကို မူလကတန်ချိန် ၁ ဒသမ ၅ သိန်းသတ်မှတ်ထားရာမှ နောက်ထပ်တန်ချိန် ၂ ဒသမ ၅ သိန်းကို တိုးမြှင့်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါ ထပ်တိုးမတ်ပဲတင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီများသည် အိန္ဒိယဆိပ်ကမ်းသို့ ၂၀၂၀ ခုနှစ် မတ် ၃၁ ရက်နေ့အရောက် တင်သွင်းရမည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ကုန်သွယ်ရေးအသိပေးချက် Trade Notice No. 43/ 2010- 2020 ကို ထုတ်ပြန်ထားခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးဘုရင့်နောင်ကုန်စည်ဒိုင်မှထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၁၀၀၀၀၀၀၊ မတ်ပဲ FAQ / RC 2019 Crop တစ်တန်လျှင် ကျပ် ၁၁၁၀၀၀၀၊ ပဲစင်းငုံ Red/ Rc 2020 Crop တစ်တန်လျှင် ကျပ် ၆၅၀၀၀၀ ဈေးရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/159009

## မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု ပုံမှန်အခြေအနေတွင်ရှိ



အဆုတ်ရောင်ရောဂါ (ကိုရိုနာဗိုင်းရပ်စ်) ကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး တုံ့ဆိုင်းနေသော်လည်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ပုံမှန်ဆောင်ရွက်နေကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေး အသင်းဥက္ကဋ္ဌဒေါ်သင်းသင်းမြတ်ကပြောသည်။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် နှစ်နိုင်ငံကုန်သွယ်မှုအများဆုံး မြဝတီ၊ မဲဆောက်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၌ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ စစ်ဆေးနေသော်လည်း ကုန်သွယ်မှုပုံမှန်ရှိနေသည်ဟု ၎င်းကဆိုသည်။ 'ဒီကာလမှာ မြန်မာရဲ့ အဓိ ကပို့ကုန်က ပြောင်းဖူးစေ့ပဲ''ဟု ဒေါ်သင်းသင်းမြတ်က ပြောသည်။ ထိုင်းနိုင်ငံသို့ တစ်ရက်လျှင် ကုန်တန်ချိန် ၃၀ ခန့် တင်ဆောင်နိုင်သော ပြောင်းဖူးစေ့ကားအစီး ရေ ၂၀၀ မှ ၃၀၀ ကြား တင်ပို့နေသည်ဟုဆိုသည်။

၂၀၁၉-၂၀ ဘဏ္ဍာနှစ်လေးလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ကုန် သွယ်မှုပမာဏ ဒေါ်လာ သန်း ၆၀၀ ကျော်ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူထက် ဒေါ် လာ သန်း ၁၀၀ ကျော်ပိုများ သည်။ မြဝတီနယ်စပ်မှ ကုန်သွယ်မှု ပမာဏ ယခင်ဘဏ္ဍာနှစ် ကာလ တူထက် ဒေါ်လာ သန်း ၈၀ ကျော် ပိုများသည်။ ယခုဘဏ္ဍာနှစ်လေးလအတွင်း မြဝတီမှ ကုန်သွယ်မှု ပမာဏ ဒေါ်လာ သန်း ၃၆၀ ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူက ဒေါ်လာ သန်း ၂၇၀ ကျော် ကုန်သွယ်ထားသည်။ လက်ရှိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်ရန် ခြေလှမ်းပြင်နေသည်ကိုတွေ့ရသည်။ တရုတ်နိုင်ငံမှ ကုန်သွယ်မှုနှင့်သက်ဆိုင်သောဌာနများဖြစ်သည့် အကောက်ခွန်ဌာနများတွင် ဝန်ထမ်းများလုပ်ငန်းခွင်ဝင်လာသည်ကို သိရကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။

**Source:** https://7day.news178617

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၂၀၀၀ သာရှိရန် မျှော်မှန်းထားသော်လည်း ဘဏ္ဍာနှစ်၏ ပထမလေးလပတ်အတွင်း ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၇၀ ကျော်ရှိနေ




၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၂၀၀၀ သာရှိရန် မျှော်မှန်းထားကြောင်း ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အရ အသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များအရ သိရသည်။ သို့သော်လည်း ဘဏ္ဍာနှစ်၏ ပထမလေးလပတ်အတွင်း ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၇၀ ကျော်ရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့မှု တန်ဖိုးဒေါ်လာ ၆၁၁၅ ဒသမ ၃၉၈ သန်း၊ သွင်းကုန်တန်ဖိုးဒေါ်လာ ၆၉၈၆ ဒသမ ၂၄၆ သန်းရှိကာ ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၁၃၁၀၁ ဒသမ ၆၄၄ သန်း ရရှိထားသည်။ ပို့ကုန်တင်ပို့မှုမြင့်တက်ခဲ့သော်လည်း လက်ရှိဘဏ္ဍာနှစ်လေးလတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၇၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၁၀ ကျော် ပိုမိုဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ ပို့ကုန်တင်ပို့မှုသည် ဒေါ်လာ ၆ ဒသမ ၁၁၅ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၅ ဒသမ ၂၈၇ ဘီလျံသာ ရှိသည်။ ထို့ကြောင့် အဆိုပါကာလအတွင်း ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၈၃၅ ဒသမ ၄၉၆ သန်းအထိ ပိုမိုတင်ပို့ထားနိုင်ခဲ့သည်။ ယင်းကဲ့သို့ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့သော်လည်း အဆိုပါကာလအတွင်း ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၇၀ ကျော်အထိဖြစ်ပေါ်ခဲ့သည်။ ကုန်သွယ်မှု လိုငွေဆိုသည်မှာ မိမိနိုင်ငံကတင်ပို့သည့် ပို့ကုန်တန်ဖိုးပမာဏထက် ပြည်ပမှတင်သွင်းသည့် သွင်းကုန်တန်ဖိုးပမာဏ ပိုများနေခြင်းကိုဆိုလိုသည်။

လက်ရှိဘဏ္ဍာနှစ် လေးလတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှတင်သွင်းထားသည့် သွင်းကုန်ပမာဏသည် ပြည်ပသို့တင်ပို့ထားသည့် ပို့ကုန်ပမာဏထက် ဒေါ်လာ ၈၇၀ ဒသမ ၈၄၈ သန်းအထိ ပိုမိုတင်သွင်းထားသည်။ ကုန်သွယ်မှုလိုငွေမှာလည်း ဒေါ်လာ ၈၇၀ ဒသမ ၈၄၈ သန်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၇၅၃ ဒသမ ၉၅၉ သန်းသာ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် လေးလတွင်ဖြစ်ပေါ်ခဲ့သော ကုန်သွယ်လိုငွေပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၁၆ ဒသမ ၈၈၉ သန်းအထိ ပိုမိုဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ၂၀၁၉ -၂၀၂၀ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိတင်ပို့နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ “ဒီနှစ်အတွက် သိပ်မများပါဘူး။ ကုန်သွယ်မှုက ဒေါ်လာ ၃၄ ဘီလျံလောက် မှန်းထားတယ်။ ပို့ကုန်ပိုင်းကတော့ ဒေါ်လာ ၁၈ ဘီလျံလောက် မှန်းထားတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ အထိ လျှော့ချရန်မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ဘဏ္ဍာနှစ်ကြား ကာလခြောက်လတွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၁၈ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာတစ်ဘီလျံကျော်အထိ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၃၃ ဘီလျံကျော်ရှိပြီး ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၂၉ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာ ၅ ဘီလျံကျော်အထိဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/159008

## ဝူဟန်ဗိုင်းရပ်စ်ကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ဒေါ်လာသန်းပေါင်းများစွာကျ



တရုတ်ပြည်တွင် စတင်ဖြစ်ပွားခဲ့သည့် ဝူဟန်ဗိုင်းရပ်စ်ခေါ် ကိုရိုနာဗိုင်းရပ်စ်ကြောင့်မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုများ ကျဆင်းနေပြီး ယခင်က တစ်ရက်လျှင် ဒေါ်လာ သန်း ၂၀ ခန့် ရှိရာက ယခုအခါ ဒေါ်လာငါးသိန်းခန့်သာရှိတော့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ “ အရင်တုန်းက တစ်နေ့ကို ဒေါ်လာ ၁၅ သန်းကနေပြီးတော့ ဒေါ်လာ သန်း ၂၀လောက် ရောင်းနေတာ ပေါ့နော်။ အခု ဟိုတစ်နေ့ကဆိုရင် တစ်နေ့မှ ဒေါ်လာ ၅သိန်း ဖိုးလောက်ပဲရောင်းရတဲ့ သဘောရှိတာပေါ့နော်။ ဒါကတော့ ကျသွားတဲ့အခြေအနေပေါ့" ဟု ၎င်းကပြောသည်။

ယင်းကဲ့သို့ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးများ ကျဆင်းသွားသည့် အခြေအနေတွင် ပြည်တွင်း၌ ရောင်းချနိုင်ရေးနှင့် ပြည်ပဈေးကွက် ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း ဦးအောင်ထူးကဆိုသည်။ “အထူးသဖြင့် ဖရဲသခွားနဲ့ ပတ်သက်ပြီးတော့ရောင်းချဖို့အတွက် ပြည်တွင်းအရောင်းတည့်အောင်လို့လုပ်နေပါတယ်။ တစ်ဖက်ကလည်း ပြည်ပဈေးကွက် ရအောင်လို့ လုပ်နေပါတယ်။ ပြည်ပဈေးကွက်ရအောင်ဆိုတာ ချက်ချင်းတော့လုပ်လို့မရဘူးပေါ့နော် တစ်ဖြည်းဖြည်းနဲ့ လုပ်သွားဖို့ရှိပါတယ်” ဟု ၎င်းကပြောသည်။ အဓိကအားဖြင့် ပုပ်သိုးပျက်စီးလွယ်သည့်ပစ္စည်းများကို အခြားနိုင်ငံများကို တင်ပို့ ရောင်းချနိုင်ရေး ဦးစားပေးဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးက ဆက်ပြောသည်။ ဦးအောင်ထူးက “ ကျန်တဲ့ပစ္စည်းတွေက စောင့်လို့ရပေမယ့် ဖရဲသခွားတို့ ရေထွက်ပစ္စည်းတွေ ဂဏန်းတွေ ဒါတွေကတော့နည်းနည်းတော့ ထိခိုက်မှုရှိတာပေါ့။ ဒါတွေကို ကျွန်တော်တို့ တခြားဈေးကွက်ကို ရှာရမလဲဆိုတာဆောင်ရွက်နေပါတယ်”ဟုပြောသည်။ တရုတ်နယ်စပ် ကုန်သွယ်ရေးနှင့် ပတ်သက်၍ ယခုလ ၁၀ ရက်တွင်ပြန်ဖွင့်မည်ဟု ကြေညာခဲ့သော်လည်း လုပ်ငန်းတချို့လောက်သာ ပြန်ဖွင့်နိုင်ခဲ့ပြီး နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖွင့်နိုင်ခဲ့ခြင်းမရှိပေ။

**Source:** https://myanmar.mmtimes.com/news/135208.html

## ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သန်းကျော်တင်ပို့ထား

ပြည်ပသို့ လေးလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သန်းကျော်တင်ပို့ထားပြီး ဒေါ်လာ သန်း ၃၀၀ ကျော် ဝင်ငွေရရှိ ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်သောစာရင်းများတွင်ဖော်ပြထားသည်။ ဘဏ္ဍာနှစ်လေးလအတွင်း မြန်မာ-တရုတ်နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၅ သိန်း ကျော်တင်ပို့ထားပြီး ပင်လယ်ရေကြောင်းမှ တန်ချိန် ကိုးသိန်းကျော်တင်ပို့ခဲ့သည်။ ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်းကျော် တင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကခန့်မှန်းထားသည်။

ပြည်ပသို့တစ်ရက်လျှင် ပျမ်းမျှဆန်တန်ချိန် တစ်သောင်းခန့်တင်ပို့နိုင်ပြီး ပြည်ပဆန်တင်ပို့မှု အလားအလာကောင်း နေသည့် အခြေအနေတွင်ရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင် ကဆိုသည်။ ထို့အပြင် ဈေးကွက်အသစ်ဖြစ်သော မလေးရှားနိုင်ငံသို့ ယခုနှစ်တွင် ဆန်တင်ပို့နေကြောင်း မြန်မာနိုင်ငံဆန်စပါးအ သင်းချုပ်မှ တာဝန်ရှိသူများအချို့ကပြောသည်။

ယခုနှစ် နွေစပါးရာသီတွင် ဆည်ရေရရှိမှုနည်းခြင်းကြောင့် နွေစပါးစိုက်ပျိုးမှု သုံးပုံ၊ တစ်ပုံခန့်လျော့နည်းနိုင်ခြင်း၊ ပြည်ပ တင်ပို့မှု အလားအလာကောင်းခြင်းတို့ကြောင့် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်မကျဆင်းနိုင်ကြောင်း ၎င်းတို့က ခန့်မှန်းသည်။ လက်ရှိမြန်မာနိုင်ငံ အပါအဝင် စပါးအဓိကစိုက်ပျိုးသောနိုင်ငံများ၏ စပါးရိတ်သိမ်းချိန်ကျော်လွန်လာခြင်းကြောင့် နိုင်ငံတကာဆန်ဈေးကွက်တွင် ဆန်တစ်တန်လျှင် ၃ ရာခိုင်နှုန်းခန့် ဈေးမြင့်တက်သည်။ နိုင်ငံတကာ ဆန်ဈေးကွက်တွင် ထိုင်းနိုင်ငံမှ ၅ မှတ်ဆန်တစ်တန် ၄၂၈ ဒေါ် လာ၊ ၂၅ မှတ်ဆန်တစ်တန်ကို ၄၁၄ ဒေါ်လာဖြင့်ဈေးဖွင့်သည်။

နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန် ၅ မှတ်ဆန် တစ်တန် လျှင် ၃၆၅ ဒေါ်လာနှင့် ၂၅ မှတ် ဆန် တစ်တန်လျှင် ၂၉၄ ဒေါ်လာ ဈေးရှိသည်။ ဆန်ကွဲတစ်တန်လျှင် ၂၆၂ ဒေါ်လာ ဈေးဖွင့်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ဆန်ကွဲကို အခွန်ကင်းလွတ်ခွင့်ဖြင့် တရုတ်နိုင်ငံက တင်သွင်းခွင့် ပြုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ ်ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ကန့်သတ်ချက်များစွာရှိသော်လည်း ဆန်ကွဲတင်ပို့ခြင်းကို လွတ်လပ်စွာရောင်းချခွင့်ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှပြည်ပသို့ ဆန်ရောင်းချမှုတွင် ဆန်ကွဲလေးပုံ၊တစ်ပုံ ပါဝင်နေသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဆန်ကွဲရောင်းချမှု တန်ချိန်ငါးသိန်းကျော်ရှိပြီး ဒေါ်လာသန်း ၁၃၀ ကျော်ရရှိခဲ့သည်။

**Source:** https://7day.news/%E1%80%95%E1%80%BC%E1%80%8A%E1%80%BA%E1%80%95%E1

## စင်ကာပူသို့ ဖရဲသီးတင်ပို့နိုင်ရန် စီးပွားရေးသံမှူးများဖြင့်ဆွေးနွေး

စင်ကာပူနိုင်ငံသို့ ဖရဲသီးတင်ပို့ရောင်းချနိုင်ရန် စီးပွားရေးသံမှူးများဖြင့် ဆွေးနွေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းကပြောသည်။ တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် အရေးပေါ်ကျန်းမာရေးအခြေအနေများကြောင့် ကုန်သွယ်ရေးလမ်းကြောင်းအချို့ပိတ်ထားသည့်အတွက် တရုတ်သို့တင်ပို့ရောင်းချရန်ရည်ရွယ်၍ စိုက်ပျိုးထားသည့်ဖရဲသီးများ မြန်မာနိုင်ငံတွင်ပိုလျှံနေသည်။ ယင်းအခြေအနေကို ဖြေရှင်းနိုင်ရန် ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနေ ခြင်းဖြစ်ပြီး လက်ရှိတွင်ညှိနှိုင်းနေဆဲဖြစ်ကြောင်း ၎င်းကဆိုသည်။ "ရန်ကုန်မှာလည်း ဈေးဖွင့်ပြီး ရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ စည်ပင်နဲ့ဝန်ကြီးဌာနပိုင် မြေနေရာတွေကို လိုအပ်ရင်အသုံးပြုဖို့လည်း ဖရဲ၊ သခွားအသင်းတွေကို ပြောထားပါတယ်။ အခု စင်ကာပူစီးပွားရေးသံမှူးနဲ့ ချိတ်ဆက်ဆွေးနွေးပြီး တင်ပို့ ရောင်းချနိုင်ဖို့လည်း စီစဉ်နေပါတယ်"ဟု ဦးမျိုးတင့်ထွန်းကဆိုသည်။

လက်ရှိတွင် စင်ကာပူနိုင်ငံမှ ဖရဲသီးမှာယူမှုသည် ပြည်တွင်းထွက်ရှိမည့် ဖရဲသီးပမာဏနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသေးကြောင်း ဖရဲသီးနှင့်သခွားသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဦးနိုင်ဝင်းပြောသည်။ ပြည်တွင်း ဖရဲသီးစားသုံးမှု တိုးမြင့်လာစေရန် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ မြန်မာ့ဖရဲ၊ သခွားမွေးပွဲတော်ကို ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဖရဲ၊ သခွားမွေးမျိုးစုံကို ခင်းပြပြသရန် စီစဉ်ထားကြောင်းလည်း ဖရဲသီးနှင့် သခွားသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

ပွဲတော်ကို ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် ကျင်းပသွားမည်ဖြစ်ပြီး အရေအတွက်များများ ဝယ်ယူသူများအတွက် အိမ်အရောက်ပို့ဆောင်စနစ်လည်း စီစဉ်ထားသည့်အတွက် အများပြည်သူအနေဖြင့် ပွဲတော်သို့လာရောက်ရန် အသင်းက ဖိတ်ခေါ်ထားသည်။ လက်ရှိ ပြည်တွင်း ဖရဲသီးပေါက်ဈေးမှာ သီးနှံအရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်၍ ကျပ် ၈၀၀ မှ ကျပ် ၃၅၀၀ အထိ ပေါက်ဈေးရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/135251.html

## အီးယူက မြန်မာကို ကုန်သွယ်မှုအထူးအခွင့်အရေးဆက်ပေးထားမည်

ဥရောပသမဂ္ဂ(အီးယူ)သည် မြန်မာကို ကုန်သွယ်ရေးအထူးအခွင့်အရေး GSP ဆက်လက်ပေးထားဦးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ပြန်ခဲ့သည်။ ဥရောပသမဂ္ဂသည် **GSP** ကို ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများကိုပေးအပ်ခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများသည် လက်နက်မှလွဲ၍ ကုန်စည်အမည်(အမယ်)များအားလုံးကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ အကောက်ခွန်ကင်းလွတ်၍ တင်ပို့နိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးကိုရရှိခြင်းဖြစ်သည်။ ဥရောပသမဂ္ဂက ထုတ်ပြန်သောအစီရင်ခံစာအရ မြန်မာနိုင်ငံသို့ ကုန်သွယ်ရေးအထူး အခွင့်အရေး ဆက်လက်ပေးထားမည်ဖြစ်သော်လည်း လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးနှင့်နိုင်ငံတွင်းဖြစ်ပွားနေသောအရေးများကို စောင့်ကြည့်လေ့လာနေဦးမည်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဥရောပသမဂ္ဂတို့သည် မြန်မာနိုင်ငံ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားနေသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရမှုများကို အဓိက စိုးရိမ်ခဲ့ပြီးနောက်GSP တွင် အကျုံးဝင်သော လူ့အခွင့်အရေးဆိုင်ရာ

စံနှုန်းများအပေါ်တွင် မြန်မာနိုင်ငံ၏ လိုက်နာဆောင်ရွက်မှုအခြေအနေကို စောင့်ကြည့်သုံးသပ်ခြင်းကို ပြီးခဲ့သည့်နှစ်များ အတွင်း စတင်လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂက စိုးရိမ် သော အရေးများတွင် အပြုသဘောဆောင်သော တုံ့ပြန်မှုများပြုလုပ်ခဲ့သည်ဟု ဥရောပသမဂ္ဂ၏ နောက်ဆုံးထုတ်အစီရင်ခံစာကသုံးသပ်ခဲ့သည်။ အစီရင်ခံစာသည် မြန်မာနှင့်ဥရောပသမဂ္ဂတို့ ပူးပေါင်း တိုးမြှင့်လုပ်ဆောင်ရမည့် ကဏ္ဍများစွာကိုထုတ်ပြန်ခဲ့ပြီး အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရန်၊ အမုန်းစကား တိုက်ဖျက်ရန်၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် လူ့အခွင့်အရေး အပြည့် အဝရရှိရန်၊ အလုပ်သမားအခွင့်အရေးနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်စသည်တို့ဖြစ်သည်။ "မြန်မာက အလုပ်သမားအခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေးနဲ့ နိုင်ငံတကာ တန်ဖိုးထားတဲ့စံနှုန်းတွေမှာ အပြုသဘောဆောင်တဲ့ တိုးတက်မှုပြသခဲ့တယ်ဆိုတာ အစီရင်ခံစာက ဖော်ပြခဲ့တယ်။ ဆက်လက်ပြီးလည်း ဥရောပသမဂ္ဂအနေနဲ့ မြန်မာကို အစီရင်ခံစာမှာဖော်ပြထားတဲ့ ပူးပေါင်းလုပ်ဆောင်ရန် တိုးမြှင့်ဖို့လိုတဲ့ဧရိယာတွေမှာ ဆက်လက်အားထုတ်လုပ်ဆောင်သွားဖို့ တိုက်တွန်းပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သမဂ္ဂသံအမတ်ကြီး ခရစ္စရှန်ရှမစ်က မြန်မာတိုင်း(မ်)သို့ပြောသည်။

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ အခြေ အနေနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်မှုများကို လုပ်ဆောင်ဦးမည်ဖြစ်ပြီး၊ လေ့လာသုံးသပ်မှုပြီးနောက် နောက်ထပ်အဆင့်များအတွက် ဆုံးဖြတ်ချက်များကို ချမှတ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုန်သွယ်ရေး အထူး အခွင့်အရေးGSP ကို ၂၀၁၃ တွင် ခံစားခွင့် ရရှိခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ၁၀ ဆကျော် မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံမှ ဥရောပနိုင်ငံ များသို့ အဝတ်အထည် အဓိကတင်ပို့ခြင်းဖြစ်ပြီး တင်ပို့မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းရှိသည်။ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့် အရေးဆိုင်ရာအရေးများဖြင့် ဥရောပသမဂ္ဂ၏ စောင့်ကြည့်အကဲဖြတ်ခြင်း ခံခဲ့ရသည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့ အနက် ကမ္ဘောဒီးယားသည် ကုန်သွယ်ရေး အထူးအခွင့်အရေး GSP ခံစားခွင့်ကို ရုတ်သိမ်းခြင်းခံခဲ့ရပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် တို့မှာမူ ကုန်သွယ်ရေး အထူးအခွင့်အရေးကို ဆက်လက်ရရှိနေဦးမည် ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/135249.html

## မျှော်မှန်းထားသော ၁၀ နှစ်တာ ရည်မှန်းချက်ပြည့်မီရန် မြန်မာနိုင်ငံ၏ အဝတ်အထည်တင်ပို့မှု လမ်းကြောင်းမှန်ပေါ်တွင်ရှိ

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ အထည်အလိပ်တင်ပို့မှု ရည်မှန်းချက် ပြည့်မီရန်လမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိနေပြီးဖြစ်ကြောင်း မြန်မာနိုင်ငံအထည်အလိပ်လုပ်ငန်းရှင်များ အသင်းက ပြောကြားခဲ့ ပါတယ်။ အဆိုပါရည်မှန်းချက်ကိုပြည့်မီရန် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ၁၀ ပို့ကုန်မဟာဗျူဟာ အရသတ်မှတ်ထားသည်ဟု သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အထည်အလိပ်ထုတ်လုပ်မှုကဏ္ဍသည် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄.၆ ဘီလီယံ ရရှိခဲ့ပြီး မြန်မာနိုင်ငံ စုစုပေါင်းပို့ကုန်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းနီးပါးရှိသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ လက်ရှိဘဏ္ဍာရေးနှစ်တွင် တာဝန်ရှိသူများသည် ချည်မျှင်နှင့် အထည်အလိပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဘီလီယံရောက်ရှိရန်မျှော်လင့်ထားသည်။

**Source : textilemedia**

https://www.textiledirectory.com.mm/industry-news/local-industry/item/2969-myanmar-textile-news-2020.html

## ရော်ဘာဈေးနှုန်းမတည်ငြိမ်သော်လည်း မြိတ်မြို့ရော်ဘာဈေးကွက် အရည်အသွေးမီ ထုတ်လုပ်နေ



ရော်ဘာဈေးနှုန်းမတည်ငြိမ်သော်လည်း မြိတ်မြို့ရှိ ရော်ဘာထုတ်လုပ်သူများအနေဖြင့် အရည်အသွေးမီအောင်ထုတ်လုပ်ပြီး ဈေးကွက်ထိန်းချုပ်နေဆဲဖြစ်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများကပြောသည်။ မှိုင်းခံရော်ဘာ RSS သည် အရည်အသွေးကောင်းပါက ဈေးနှုန်းမြင့်သဖြင့် မြိတ်မြို့ရှိ ရော်ဘာခြံများအနက် မှိုင်းခံရော်ဘာ RSS ကိုသာထုတ်လုပ်နေသည့် ခြံများလည်းရှိကြောင်းသိရသည်။ ဒီဒေသက ရော်ဘာထုတ်လုပ်သူတွေက RSS ကို အဓိကထုတ်လုပ်တယ်။ ဈေးပိုရတဲ့ဝယ်လက်ကိုသာ သူတို့ရောင်းကြတယ်။ RSS က ထားသိုလို့ရတယ်လေ။ ဈေးတက်လာချိန်အထိ သိမ်းထားလို့ရလို့ RSS ကိုသာ အများစုထုတ်လုပ်ကြတာပါ။ အရည်အသွေးကောင်းတဲ့ရော်ဘာက နိုင်ငံတကာမှာဈေးပိုရတာ ထုံးစံပါဟု စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောသည်။

ရော်ဘာဈေးနှုန်းများကျဆင်းခြင်း မြင့်တက်ခြင်းမှာ ဒေသတစ်ခုနှင့်တစ်ခုတူညီမှုမရှိပဲ သက်ဆိုင်ရာဈေးကွက်နှင့် ထုတ်လုပ်သည့် ရော်ဘာအရည်အသွေးအပေါ် များစွာမူတည်နေသည်။ ဈေးကွက်အရပေါ့။ တခြားဒေသတွေမှာက အရည်အသွေးပိုင်းအားနည်းတာကိုဝယ်တဲ့ ဈေးကွက်ပဲရှိတာလည်း ဖြစ်နိုင်ပါတယ်။ အရည်အသွေးပိုင်းအားနည်းတာကိုဝယ်ပြီး ပြုပြင်ပြီး အမြတ်တင်ရောင်းတဲ့ ဈေးကွက်ဆိုပါတော့ဟု ဦးဝင်းဇော်ကဆက်လက်ပြောသည်။ ထရပ်ကားတာယာ၊ လေယာဉ်ပျံတာယာအစရှိသည့် အရည်အသွေးကောင်းတာယာများကို အဆင့်မြင့် RSS ရော်ဘာဖြင့်ထုတ်လုပ်ခြင်းဖြစ်ပြီး၊ RSS အဆင့်မြင့်ရော်ဘာကို ရန်ကုန်တိုင်းရှိ တာယာစက်ရုံများနှင့် အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံတို့ရှိ တာယာစက်ရုံများမှ ဝယ်ယူနေသည်။

**Source:** https://greenwaymyanmar.com/posts/produce_good_quality_rubber_from_Myeik

## ကျွဲကောဈေးကွက် စနစ်(၂)မျိုးဖြင့် အရောင်းအဝယ်ပြုလုပ်နေ



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တစ်ဝိုက်တွင် ကျွဲကောသီးအလုံးအရွယ်အစားအပေါ်မူတည်၍ အလုံးလိုက်ရောင်းချသည့် ဈေးကွက်နှင့် အပင်ပြတ်၊ ခြံပြတ်ထွက်ရှိသမျှကို စာချုပ်စနစ်ဖြင့် ရောင်းချသည့် စနစ် ၂ မျိုးဖြင့် အရောင်းအဝယ် ပြုလုပ်နေကြကြောင်း ဒေသခံများထံမှသိရသည်။ တစ်လုံးချင်းကျတော့ အသေးအကြီးမညီတော့ ဈေးမရဘူးပေါ့။ အပင်ပြတ်နဲ့ရောင်းလိုက်တော့ အသေးအကြီး အကုန်ပါသွားတာမို့ အဆင်ပြေတယ်။ တရုတ်နိုင်ငံဘက်က ဝယ်လိုအား များချိန်မှာဆိုရင် ကျွဲကောသီးဈေးကွက်က ပိုကောင်းပါတယ်ဟု ကျိုက်ထိုမြို့မှ ကျွဲကောစိုက်တောင်သူ မနန္ဒာကပြောသည်။

ကျွဲကောအမျိုးအစားများအနက် ပန်းရောင် အနုအရင့် အုပ်စုများဖြစ်သည့် ပန်း(၁) ပန်း(၂) ပန်း(၃) ခွန်ဒေါင်နီမျိုး ပတ္တမြားမျိုးဟူ၍ ပန်းရောင်အုပ်စု၊ သကြားသီး သကြားခွံပါးကျောက်စိမ်းဟူ၍ အတွင်းသားအဖြူရောင်အုပ်စုများရှိပြီး ပန်းရောင်အုပ်စုများက အရောင်းပိုသွက်ကြောင်းသိရသည်။ အရောင်းအဝယ်သွက်တဲ့အုပ်စုက ပန်းအုပ်စုဖြစ်တယ်။ သူက အထားခံတာကြောင့် ရောင်းသူတွေအတွက် တွက်ချေကိုက်တယ်။ အဖြူအုပ်စုကို သိပ်မနှစ်သက်တာက အထားမခံလို့ပါ။ အရသာကတော့ အဖြူက ပိုကောင်းတယ်။ ဟု ကျိုက်ထိုမြို့၊ သစ်ဆိမ့်ပင်ကျေးရွာမှ ကျွဲကောပင် စီးပွားဖြစ်စိုက်ပျိုးနေသူ ဦးအောင်သန်းကဆိုသည်။ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလနောက်ပိုင်းအထိ ကာလများသည် ကျွဲကောသီးဈေးကွက် အကောင်းဆုံးကာလများဖြစ်ကြောင်းသိရသည်။

Source: https://greenwaymyanmar.com/posts/the_pomelo_market_is_traded_in_two_systems

## ကိုရိုနာကူးစက်ရောဂါကို တစ်နာရီအတွင်း သရုပ်ခွဲပေးနိုင်မည့် စမ်းသပ်နည်းသစ်တစ်ရပ်ကို ဟောင်ကောင်ပေါ်လီတက်က နစ်တက္ကသိုလ်ကတီထွင်နိုင်ခဲ့

ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ဟောင်ကောင်ပေါ်လီတက်ကနစ်တက္ကသိုလ်မှ ထုတ်ပြန်ကြေငြာချက်အရ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၏ Point-of- Care Genetic Testing (POCIT) အမည်ရ စမ်းသပ်ချက်အတွက် စက်များကို အသုံးပြုလျက် တစ်နာရီအတွင်း ရောဂါကိုလျင်မြန်စွာ သရုပ်ဖော်ထုတ်နိုင်မည့်စနစ်ကို တီထွင်ခဲ့ကြောင်းသိရပါသည်။ ၎င်းစမ်းသပ်နည်းအသစ်သည် ကိုရိုနာကူးစက်ရောဂါ၊ SARS နှင့် အေအမျိုးအစား တုပ်ကွေးရောဂါများအပါအဝင် ဘက်တီးရီးယားနှင့်ကူးစက်ရောဂါပိုး (ဗိုင်းရပ်စ်) ပေါင်း(၃၀)ကျော်ကို သရုပ်ခွဲနိုင်မည်ဖြစ်ပြီး လက်ရှိနည်းပညာထက်(၂)ဆ ပိုမိုစစ်ဆေးနိုင်ခြင်းဖြစ်ပါသည်။ စမ်းသပ်စစ်ဆေးသည့် စက်၏ကုန်ကျစရိတ်မှာ ပိုမိုနည်းပါးသဖြင့် ယခုနည်းပညာသစ်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ပြီး၊ အများအပြားထုတ်လုပ်နိုင်ရန် အသင့်ဖြစ်နေကြောင်းကြေငြာချက်တွင် ဖော်ပြထားပါသည်။

**Source: CASTC**

**စီးပွားရေးသံမှူး-နန်နင်း**

## STOCK EXCHANGE (13.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,000 | 4,193 | 48,100,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 9,296 | 36,780,300 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 23,000 | 22,500 | 671 | 15,120,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 2 | 5,800 | 12,823,224 | 37,187 |


### Market summary

As of 13th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.06 | -1.86 | -0.39% | 471.01 | 471.92 | 459.69 | 14,162 | 100,007,100 | 5 | 643,663 |

**Index chart**



# Market Overview

As of 1:00 pm, 13th Feb. 2020

| MYANPIX | 470.06 ▼ 1.86 |
|---|---|
| Total Volume (shares) | 14,162 |
| Total Value (MMK) | 100 mil |
| Listed Company | 5 |
| Market Cap. (MMK) | 643,663 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,950 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,900 | ▲ 50 |

TIR